သခင့်စကား ၁၅၆၃

# သခင့်စကား
# The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

ကောင်းကင်မိုးလဲခြေ အရှင်ထာဝရဘုရား မိန့်တော်မူသော်လဲ သူတို့သည် နားမထောင်ဘဲ လှုတ်အောင် ရန်းကြ၏ မကြားစေခြင်းငှာ နားကိုပိတ်ကြ၏။ ဇာခရိ ၇း၁၀[ခ]-၁၁

အမှတ်စဉ် (၁၆၃) ဧပြီလ ၂၀၁၅ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

## (မင်္ဂလာ-၁၃) ကျနော်နဲ့မိန်းမ *ကဗျာ ဓါတ်ပုံ - မင်းအောင်သက်လွင်*

# ကျနော် နဲ့ မိန်းမ

ငါ့ လောကခွင် ငါ့ ဂန်းကျင်မှာ -
မိန်းမတွေ ပေါများ ၊ မိန်းမတွေ လမ်းသလား ၊ မိန်းမတွေ စူပါစတား ဖြစ်နေကြပေ့ါ။
မ ဆိုရင် ယင်မ တောင် မသန်းဖူးသူ မြန်မာပြည်မှာ ရှိမယ် မထင်။
ကျနော် သိသမျှ မ တွေကို ရေတွက် ပြရမယ် ဆိုရင် -
မိန်းမ ယောက္ခမ ယောင်းမ ခယ်မ အစ်မ ညီမ တူမ မြေးမ မြစ်မ
ဘုရင်မ ဒေါက်တာမ သူဌေးမ အရာရှိမ ကျောင်းဆရာမ အရေးစာရေးမ ရုံးမမ
ရာဖူးကမမ မမပုသိမ်သူ စိမ်းမမ ဣန္ဒြေရှင်မမ အလွမ်းမမ ပန်းမမ
အသည်းမမ ချွဲမမ အချစ်မမ ဂျစ်မမ မော်ဒယ်မမ ဟော်တယ်မ အငြိမ့်သမ အနိုပ်သမ
အဆိုကျော်မ အပျိုတော်ယိမ်းသမ ကချေသည်မ သရုပ်ဆောင်မမ မယ်မြန်မာမမ
အလှမမ အကမမ အလုပ်သမ နှစ်မ အိမ်ဖော်မ ငါးစိမ်းသည်မ ပွဲစားမ
အအိုမ အပျိုမ လုံမ သူငယ်မ မုတ်ဆိုးမ သူခိုးမ လူလည်မ ဆံတိုမ ဆံရှည်မ ကတုံးမ
အကြီးမ အလတ်မ အငယ်မ အသေးမ အညှက်မ ပိစိမ ဘုတ်ဆုံမ ငပိန်မ ဂျပုမ
ခြေမ လက်မ ဘာမ ညာမ ဟိုဟာမ ဒီဟာမ နဲ့ ကောင်မ တဲ့။
မ တွေ အစုံ ၊ မ တို့ ဘုံ က ၊ မ တကာ မ တွေထဲမှာ ဘယ် မ အကောင်းဆုံးလဲမေးရင်
ရှေးလူကြီးတွေ ဖြေသလို - မိန်းမ ဆိုတာ မရှိ မကောင်း ၊ ရှိ မကောင်း တဲ့။
မိန်းမ ရှိခိုး သွား မကျိုး ။ ယောက္ခမ ရှိသေ အသက်ရှည်
ငါးခုံးမ တစ်ကောင်ကြောင့် တလှေလုံး ပုပ် ။
ကြက်မ တွန်လို့ မိုး မလင်းဘူး ။ မိန်းမ ဖျက်ရင် ပြည် ပျက် ။
မယား နေစ ကြောင်သေမှ တဲ့။ မြန်မာ စကားပုံတွေထဲက မ တွေအကြောင်းပါ။
အင်္ဂလန်က မာဂရက်သက်ချာ ၊ အိန္ဒိယက မာသာ ထရီဇာ
ပါကစ္စတန်က မာလာလာ ၊ အင်ဒိုနီးရှားက ခရစ္စတီးနာ နဲ့
မြန်မာပြည်က အမေစု တို့ဟာ ထင်ပေါ်ကျော်ကြားတဲ့
ပြည်သူ့အချစ်တော် အာဂမိန်းမ တွေပါ။
ကမ္ဘာကျော် ဗြိတိန်နန်းတော်နဲ့ ဟောလီးဝုဒ် လောကတွေထဲက -
ဒိုင်ယာနာ မက်ဒေါနာ လေဒီဂါဂါ တို့က အစ
အင်းစိန် ယိုးဒယားဈေးထဲက လမ်းဘေးဈေးသည် - မဘုတ်မ ပူစူးမ မကုလားမ တို့အဆုံး ၊
မိန်းမ ဆိုတာ သူ့အရည်အချင်း သူ့ရုပ်အဆင်း သူ့ဉာဏ်အချင်းနဲ့ သူ
ပုခက်လွှဲ ခဲ့ရုံမက ကမ္ဘာကိုပါ လွှဲကိုင်လှုပ် နိုင်ခဲ့ကြတဲ့သူတွေပါ။
မြန်မာရာဇဝင်တွေထဲက - မယ်သီတာ ဟာ ဒသဂီရိ ရဲ့ အချစ်ပိုး ။
မဏိစန္ဒာ ဟာ ကျန်စစ်သားရဲ့ အချစ်တိုး။ သုဘဒ္ဒ က ဆဒ္ဒန်ဆင်မင်း ရဲ့ အမျက်အိုး - - ။
သမ္မာကျမ်းစာထဲက မိန်းမတွေ အကြောင်း ရေးပြရအုံးမယ် ဆိုရင်တော့ -
ဧဝ ဟာ အာဒံ အတွက် နံရိုး ။ ရာခေလဟာ ယာကုပ် အတွက်တော့ သမီးဆိုး
ရုသ ဟာ နောမိ အတွက်တော့ ချွေးမအမျိုး ။ ဒေလိလ ဟာ ရှံဆုန် အတွက် မိန်းမဆိုး
ဗာသရှေဘ ဟာ ဒါဝိဒ် အတွက်တော့ အသည်းအိုး ၊
ဧသတာ ဟာ ဣသရေလ လူတွေအတွက် ဟီးရိုး ၊
မာသ ဟာ ယေရှုနဲ့တပည့်တော်တွေအတွက် ဟင်းအိုး
မာရိဟာ ယေရှုနဲ့တပည့်တော်တွေအတွက် စာကြမ်းပိုး
ရောဒေက ပေတရု တို့အတွက် ဆုတောင်းသည့်အတိုင်း ရမည် ထင်တဲ့သူ။
ဖာရောဘုရင့်သမီးတော် ကတော့
မောရှေ အတွက် ရေထဲက ကယ်တင်ရှင် ရာဇဝင်တွင်တဲ့သူ ။
မယ်တော်မာရိက ယေရှု ခရစ်တော်ရဲ့ မယ်တော် ပင် လို့
အသီးသီး မှတ်တမ်း ဝင်နေကြလေရဲ့။ မိန်းမတကာ မိန်းမတွေထဲမှာ -
ကျနော် ကြိုက်တဲ့ မျက်နှာပေးက Drew Barrymore ရဲ့ မျက်နှာ။
ကျနော် ကြိုက်တဲ့ အမူအယာက Sandra Bullock ရဲ့ အမူအယာ။
ကျနော် ကြိုက်တဲ့ ကိုယ်လုံးကိုယ်ပေါက်က Jennifer Lopez ရဲ့ ဘော်ဒီပါ။
ကျနော် ကြိုက်တဲ့ အသံလေးက Celine Dion ရဲ့ အသံလေးပါ။
ကျနော် ကြိုက်တဲ့ ရာထူးက Queen Elizabeth ရဲ့ ရာထူးပါ။
အဲဒီ မိန်းမ ငါးယောက်ကို ရောသမ မွှေပြီး -
လူရည်ကျို စက်ထဲထည့် ၊ ထွက်လာတဲ့ စူပါ မိန်းမ ငါ့မိန်းမ ဖြစ်စေသားလို့

အဲဒီ မိန်းမ ငါးယောက်စလုံး ဆီမှာ ရှိနေတဲ့ အရည်အချင်းစုံတဲ့ မိန်းမ နဲ့
ဆုံခွင့် ပေးသနားတော်မူပါ ဘုရားလို့ ကြံကြီးစည်ရာ မဖြစ်နိုင်တဲ့ ဆုတွေ
တဖွဖွတောင်း ခနခနတောင်း မရမကတောင်း တရစပ်တောင်း
အစာရှောင်ဆုတောင်း အဖွဲ့လိုက်ဆုတောင်း တစ်ဦးချင်းဆုတောင်း
ဆန္ဒပြပြီးတောင်း အကျပ်ကိုင်ပြီးတောင်း ချော့မော့ပြီးတောင်းခဲ့ပေမဲ့ -
ဉာဏ်များ အရှင် ဘုရားသခင်ရဲ့ အလိုတော်က ဒီဘဝမှာ ကျနော်သည်
ဦးကျော်ဟိန်း သီချင်းထဲကလို "အကောင်းစားများ ငါ့အတွက် မဟုတ်" ဆိုသလို -
Drew Barrymore ရဲ့ sexy face ၊ Sandra Bullock ရဲ့ sexy action
Jennifer Lopez ရဲ့ sexy body ၊ Celine Dion ရဲ့ nice voice နဲ့
Elizabeth ရဲ့ Queen ဆိုတာမျိုးကြီးကို မရခဲ့ပါဘူးဗျာ။
ချို ချဉ် စပ် ခါး ပူလောင် အေးစက် အိမ်တွင်းရေး ခက် တဲ့။
အချို အချဉ်ဆိုတာ အရသာ ခံဖို့ ၊ အစပ် အခါး ဆိုတာ ဆေးဖက် ဝင်ဖို့စားသုံးရသလို ၊
အိမ်ထောင်ရေး ချို ချဉ် စပ် ခါး ဆိုတဲ့ အတွေ့အကြုံဟာလဲ
အိမ်ထောင်သည်တွေ ဘက်စုံ ကျန်းမာရေးကောင်းဖို့ ဆေးကောင်း တစ်ခွက်ပါဘဲ။
ချစ်တာ တစ်ခုတည်းနဲ့ ပစ်ပြီး ယူလို့မရ ။ ကြိုက်တာ တစ်ခုတည်းနဲ့ မိုက်ပြီး ယူလို့မရ။
ကောင်းတာ တစ်ခုတည်းနဲ့ ပေါင်းဖက်ဆုံလို့ မရ ။
သနား တာ တစ်ခုတည်းနဲ့ ညား လို့မရ။
လှတာမက်ပြီး ဘဝကို ဂကွက်အပ် လို့ မရ။
ချောတာ တစ်ခုတည်းကြည့်ပြီး ဘဝကို ပုံအော လို့ မရ။
အကျိုး မှန်းမြင်ပြီး ၊ ပုဆိုး တန်းတင် အကြင်လင်မယား လုပ်လို့မရ။
ချမ်းသာတာ တစ်ခုတည်းကြည့်ပြီး စခန်းသာ သွားလို့ မရ။
ချစ်ကြိုက် အားကိုး သစ္စာရှိဖို့နဲ့ လုံခြုံစိတ်ချ စိတ်အေးရဖို့လဲ လိုသေးတယ်တဲ့ဗျ။
ဒူး နေရာ ဒူး ၊ တော် နေရာ တော် ဆိုသလို ၊ လိုချင်တာ မရ ခဲ့ပေမဲ့
လိုအပ် သင့်လျော်တဲ့ အကြင်မယား ကိုယ်တော် ချပေး သနားတော်မူသောကြောင့်
၂၀၀၃ ခုနှစ် ဇန္နဝါရီလ ၄ ရက် မြန်မာပြည် လွတ်လပ်ရေးနေ့မှာ
သကောင့်သား ကျနော် နဲ့ ကြင်ဖော် မယ်သီတာ၊
ကျနော် လူရွှင်တော်အယ်ဒီတာ နဲ့ မင်းသမီး မသီတာ တို့
ကျနော် စာရေးဆရာအင်ဂျင်နီယာ နဲ့ သူနာပြု မစ်စ်သီတာ တို့
အာဟာဝ ဝိဟာဝ ပေါင်းဖက်လို့ ဖူးစာဆုံ ခဲ့ကြပါပကောလား။
အိမ်ထောင်ရက်သား ကျခဲ့ရုံမက -
ဖခင် မိခင်တွေ ဖြစ်ခွင့်ပါ ရခဲ့ပြန်ပဟ လို့ဂမ်းမြောက်စွာ ခုနက ခဲ့ရပြန်ပေ့ါ။
ကလေးတွေ ပျော်တော့ မိန်းမက အော် ။ ကလေးတွေ ကဲ ရင် ၊ မိန်းမက ဆဲ
ကလေးတွေ ဆိုး ရင် ၊ မိန်းမက တိုး ။ ကလေးတွေ ပျောက်ရင် ၊ မိန်းမက ဟောက်
ကလေးတွေ ကစားရင် ၊ မိန်းမက နား ။ ကလေးတွေ ဆော့ရင် မိန်းမက မော့။
ကလေးတွေ ပြေး ရင် ၊ မိန်းမက ငေး ။ ကလေးတွေ ထွေးရင် ၊ မိန်းမ က ကျွေး
ကလေးတွေက အန်ထွေးထုတ် ၊ မိန်းမ က ပြန်ကျွေးတစ်လုတ်။
ကလေးတွေက မျောက်ရှုံး ၊ မိန်းမက ကျောက်တုံး။ အဲသလို -
မုန့်လုံး စက္ကူကပ်နေတဲ့ သားသည်အမေ အဖြစ်နဲ့ ကျနော့်မိန်းမ ဂျူတီဝင် နေလေရဲ့။
သူ့ယောက္ခမ (ကျနော့်အမေ) နဲ့ တည့်အောင် ပေါင်း။
သူ့ယောင်းမ (ကျနော့် အစ်မ)တွေနဲ့ အဆင်ပြေအောင် နေ။
ကျနော့် အိပ်ကပ် မထူ လို့ မိတ်ကပ် မကူပေးနိုင်တာကို နားလည်ပေးနိုင်တဲ့ မိန်းမပါ။
"သမီးတစ်ကောင် နွား တစ်ထောင် "တဲ့။ (စာချိုးက ကောင်းပေမဲ့ သံစဉ် မကိုက်ဘူး။)
"သမီးတစ်ကောင် ကျီး တစ်ထောင် " လို့ ထွင်ရေးလိုက်မယ်။
(ကျီး ဆိုတဲ့ ကျီးကန်း ကလဲ နွားလိုဘဲ ထိန်းရခက် ကျောင်းရခက် ကြီးမို့လို့ပါ။)
ကျနော်နဲ့ ညားမှ သူ စက်ဘီး စီးဖူးသတဲ့။(ကား မဝယ်ပေးနိုင်တာကို စကားနာ ထိုးနေတာ။)
ကျနော်နဲ့ ပေါင်းမှ လက်ဖက်ရည်ဆိုင် ထိုင်ဖူးသတဲ့။
သူက ဖျတ်လတ် ၊ ကိုယ်က တုံ့နှေး ။ သူက လျှာသွက် ၊ ကိုယ်က အထာညက်
သူက ဖြူ ၊ ကိုယ်က ညို ။ သူက အို သွေး ၊ ကိုယ်က ဘီ သွေး။
သူ တင်းရင် ၊ ကိုယ် မျှင်း ။ သူ ပျော့ရင် ၊ ကိုယ် လျှော့ ။ သူ ဆွဲရင် ၊ ကိုယ် မြဲ။
သူ ယိုင်ရင် ၊ ကိုယ်က ကိုင် ။ သူ လွဲရင် ၊ ကိုယ်က နွဲ့ ။

သက်တမ်း ခြောက်နှစ်လည်း ပြည့်ပြီးဆိုတော့ ရှေ့ဆက်ရမည့် နေ့တွေဟာ ကိုယ်တော်ရှင်ဘဲ သိတယ်လေ။ ဒီခြောက်နှစ်အတွင်း ကိုယ်တော်ရှင်အတွက် ထူးခြားတဲ့ အကျိုးကျေးဇူး ဘာမျှ မလုပ်ပေးရသေးဘူး။ ဒါကိုသိတဲ့ ကိုယ်တော်က အချိန်မှီ သတိပေးတယ်ဆိုတာ ကျွန်မ နားလည်ရပြီး ဒီသတိပေး စကားတွေနဲ့ စင်္ကာပူမှာ ရေပန်းစားနေတဲ့ ပြဿနာတွေကို တင်ပြရင်း ကိုယ်တော်ရဲ့ ကျေးဇူးတွေ ဆပ်ခွင့် ရတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်မဟာ အမျိုးသမီး ဖြစ်သလို မိခင် တစ်ဦးလည်း ဖြစ်ပါတယ်။ ဘာလို့ ယခုလို မိတ်ဆက်ရလဲဆိုတော့ ကျား/မ နှစ်ဦး စလုံး ဘက်မှာ ရပ်တည်ပြီး မည်သူဟာ အရေးအကြီးဆုံးလည်း ဆိုတာ မိမိ ကိုယ်ကိုမိမိ သတိရှိစေဖို့ ဖြစ်ပါတယ်။ ဆောင်းပါးတွေထဲမှာ အမြဲလို ဖတ်လိုက်တဲ့ အရာကတော့ မိန်းကလေးတွေက အရှက်ရသွားတဲ့ ကိစ္စ ယောက်ျားလေးတွေက အသည်းခွဲ ကျန်ခဲ့ရတဲ့ အဖြစ်တွေ များပါတယ်။ မိန်းကလေးက ပရိတ်သတ်သနားရတဲ့ မင်းသမီးဖြစ်ပြီး ယောင်္ကျားလေးတွေက ပရိတ်သတ်မုန်းတဲ့ ဗီလိန် လူကြမ်းကြီးတွေ ဖြစ်နေခဲ့ပါတယ်။ တကယ်တော့ အဲ့ဒါတွေဟာ မိမိပြုသော အမှုတွေဘဲ ဖြစ်တယ်။ မဖြစ် ခင်က ဆင်ခြင်ကြဖို့ သင့်တယ်။ ဖြစ်ပြီးသွားမှ သူ မကောင်းလို့ ကိုယ် မကောင်းလို့ ဆိုပြီး လူသိရှင်ကြား ဖော်ပြကြ။ ယောက်ျားလေးတွေက မိန်ကလေးတွေကို ဂုဏ်သိက္ခာ ကျဆင်းအောင်ပြော၊ မိန်ကလေးတွေက ယောက်ျား လေးက ဘယ်လို ယုတ်မာတယ်ပြော နှစ်ဦး သဘောတူတုန်းက ဘာအသံမှ မထွက်ကြဘူး။ အဲ့ဒါတွေ ပြန်စဉ်းစား ပြန်ဆင်ခြင် သုံးသပ်ရင် လက်ခုပ်ဟာ လက်နစ်ဖက်လုံး ထိခတ်တီးလို့ မြည် ရပါတယ်။ မိမိက ပေးလို့ တဖက်လူက ယူတာဖြစ်ပါတယ်။ မိမိသာ မိမိ ကိုယ် မိမိ ထိန်းသိမ်းခဲ့ရင် ဒီကိစ္စတွေဟာ အပြစ်ဆိုတဲ့ တစ်ဦးပေါ် တစ်ဦး ပုံချစရာ မလိုတော့ ဘူးပေါ့။ လူသား အားလုံးဟာ မိမိ ခြေပေါ် မိမိ ရပ်ကြတာချည်းပါဘဲ။ သက်ဆိုင်သူ လူကြီး မိဘများက မလဲကျသွားအောင် ထိန်းပေးရုံသက်သက်ပါဘဲ။ အဲဒီတော့ မိန်ကလေးများက မိမိရဲ့ အမည် မိမိရဲ့သိက္ခာ မိမိရဲ့တန်ဖိုး၊ မိမိရဲ့လူမျိုး၊ ဘာသာ မိရိုးဖလာရဲ့ ဂုဏ်သိက္ခာ မိမိကိုးကွယ်တဲ့ ခရစ်တော်ရဲ့ ဂုဏ်သိက္ခာ မကျဆင်းဖို့ မိမိတို့ကသာ ကာကွယ်ရမှာဖြစ်ပါတယ်။ ယောက်ျားလေးများကလဲ မိမိရဲ့ လူမျိုး ဘာသာ ဂုဏ်သိက္ခာ မိရိုးဖလာ မိမိကိုးကွယ်တဲ့ ဘုရားသခင်၏ ဂုဏ်သိက္ခာကို ပြန်လည် မြှင့်တင်ပေးကြပါ။ တကယ် လက်မတွဲနိုင်ရင် နှမသားချင်းတွေလို ကူညီပါ ရိုင်းပင်းပါ။ မိမိက ကိုယ့်လူမျိုးဂုဏ် မြှင့်တင်မှ တစ်ပါးသူက ရှိသေ လေးစားမှာပေါ့။ ယခင်က ခရစ်ယာန်များဟာ စည်းလုံးညီညွတ်တယ်ဆိုတဲ့ သတင်းမွှေးလေးတွေ ပျောက်ကွယ်နေတာ ကြာပါပြီ။ ပြန်လည် အသက်သွင်းကြရအောင်။ နောက်တစ်ချက် - အပြစ်ရဲ့အပြစ်။ မိန်ကလေးများက ကိုယ့်လူမျိုး ကိုယ့် ဘာသာတူ ရွေးချယ်တော့ အဖျက်ဆီး ခံရတယ်၊ မချမ်းသာဘူး၊ PR မဖြစ်ဘူး။ လစာ နည်းတယ်ဆိုပြီး ဘာသာ ခြားတွေကို ရွေးချယ်ကြပါတယ်။ ဘာသာခြားက ဖျက်ဆီး လိုက်တော့ ငြိမ်နေကြ တယ်။ ရွေးချယ်လိုက်တဲ့သူက အိမ်ထောင်သည်၊ ကလေးဖအေ၊ မုဆိုးဖို ဒါတွေ ကျတော့ သူတို့က ချမ်းသာတယ် သူတို့က လိုတာ ဖြည့်ပေးတယ် ဝယ် ပေးတယ်။ သူက PR ။ လစာ ဘယ်လိုကောင်းတာ လို့ ဆင်ခြေပေးကြပါတယ်။ အဲ့ဒါလေးတွေ မိမိ လုပ်ရပ် မိမိပြန်တွေးမိကြရဲ့လား။ မိမိကိုယ် မိမိ ပီတိတွေ ဖြစ်နေကြလိုက်တာ။ အဲ့ဒီ တစ်ပါးလူမျိုး ဘာသာကွဲတွေကြားမှာ သတင်းမွှေး နေတာက ခရစ်တော်ကို ကိုးကွယ်တဲ့ ခရစ်တော်ရဲ့ သားသမီးများ ဆိုတဲ့ နာမည် ကင်ပွန်းဟာ တမျိုးသားလုံးရဲ့ ဂုဏ် သိက္ခာတွေ မကဘူး ကိုယ်တော်ရှင်ရဲ့ ဂုဏ်သိက္ခာ တွေကို ထိပါးနေပါပြီ။ ကိုယ်တော် ရှင်ကို မျက်ရည်ကြီးငယ် ကျအောင် ပြုမူ နေကြတယ် ဆိုတာ ဘုရား သားသမီးများ ပြန်လည်သုံးသပ်မိစေချင်ပါတယ်။ ပြန်ဆင်ခြင်ကြဖို့ အထူး သတိပေး ချင်ပါတယ်။ အချိန်တန်ရင်ကိုယ်တော်ရှင်ဟာ နံရိုးရှင် အစစ်အမှန်ရှာပေးပါလိမ့်မယ်။ နံရိုးရှင် အစစ်အမှန် မရခင် မိမိကိုယ်ကို မိမိထိန်းသိမ်း ကြစေလိုပါတယ်။ နောက်တစ်ချက်က အပြစ်သား ဘာသာကွဲများနှင့် လက်ထပ်ထိမ်းမြားဖို့ ဘုရားသခင်ဟာ သူ့ရဲ့သားသမီးများ ပျောက်ကုန်မှာစိုးလို့ သူ့ကိုယ်စား သူ့ရဲ့ တမန် များ စေလွှတ်ပြီး သားသမီးများ အဝေး မလွင့်ပါးစေရေးအတွက် စီမံ ပေးထား ပါတယ်။ ဒါတွေကို အခွင့် အရေးယူပြီး ဒီလူဟာ အရမ်းချမ်းသာလို PR မို့လို့ ဆိုပြီး မိမိဟာ တန်ဖိုးရှိတဲ့ အပျိုစင် ဘဝလေးတွေကို ပေးဆပ်ပြီး တစ်ပြစ်ကနေ နှစ်ပြစ် လုပ်ပြီး လက်ထပ် စည်းစိမ်နှင့် ရာထူးအလွှတ်မခံနိုင်တော့ မိမိဘဝကို အရင် ပေးဆပ် တယ်။ ဘာသာ မတူ လက်ထပ်ပေးတဲ့ ဆရာ ရှိတယ်။ အပြစ်ရှိလို့ လက်ထပ်ပေးတဲ့ ဆရာ ရှိတယ် ဆိုပြီး အတင့်ရဲနေကြပါတယ်။ ဒါတွေကို မြင်နေရတဲ့ ကိုယ်တော့် မျက်ရည် ကျရပြီပေါ့။ သူ စေလွှတ်ထားတဲ့ တမန်တော်တွေကို အသုံးချပြီး အပြစ်တွေ ထပ်ဆင့် ကျူးလွန် နေကြတာ အားလုံး နိဂုံးချုပ် ရေးပြချင်နေတာကတော့ ကျဆင်း နေပြီး ဖြစ်တဲ့ ခရစ်တော်ရဲ့ မျိုးရိုး ဂုဏ်သိက္ခာတွေ အချိန်မှီ ပြန်လည် မြှင့်တင်ရင်း ခရစ်တော်၏ မျက်ရည်ကို ဝိုင်းသုတ်ပေးကြရအောင်။ ဒီစာ ဖြစ်မြောက် အောင် စာကြောင်း ရေတိုင်း ကိုယ်တော်ရှင်ထံ ခွန်အား တောင်းခံပြီး ရေးသားခြင်း ဖြစ်ပါတယ်။ ဘုရားရှင် သားသမီး များအား အချိန်မှီ ပြန်လည်ပြုပြင်ကြမယ်လို့ ယုံကြည် မျှော်လင့် မိပါတယ်။ မိမိ အမှား ပြန်လည် သုံးသပ်ရင်း တစ်ဦးနှင့် တစ်ဦး ပြန်လည် ရိုင်းပင်း ကူညီကြရင်း စည်းလုံး ညီညွတ်တဲ့ ခရစ်ယာန်မိသားစုလေးများ ဆိုတဲ့ သတင်း မွှေးလေး တွေကို ပြန်လည် ရယူကြရအောင်။

။ အားလုံးကိုချစ်တဲ့ - ဖွန်ပန်း

-----------------

# ဘဏ္ဍာ နှင့် ပါဂါ - ၁၂

**ဘဏ္ဍာနှင့်ပါဂါ - ၁၂** *(အမည်မဖော်လိုသူတစ်ဦး)*

(၁) မှတ်မှတ်ရရ စင်ကာပူ။ ၁၉၉၃ ဩဂုတ်လ (၁)ရက်နေ့ မှတ်မှတ်ရရ Sunday ၊ ကျွန်မ လေယာဉ် S'pore Changi Airport သို့ ဆိုက်ရောက်လေပြီး ကျွန်မရင်မှာ တဒိတ်ဒိတ် ခုန်လာတယ်။ မမြင်ဖူးသောဒေသ၊ မကြားဖူးသော အင်္ဂလိပ်စကားဖြင့် ကွန်ပျူတာ ကျောင်း တက်ရမယ်။ ကျွန်မ လေယာဉ်ထဲမှ ထွက်လာသောအခါတွင် မျက်နှာမှာ ပြုံးချိုပြီး ပါးလေး တွေဟာလည်း ပုရွက်ဆိတ် ကိုက်ထားသကဲ့သို့ နီနီရဲရဲကလေးများဖြင့် ချောမော လှပသော လေယာဉ်မယ်ကလေးများ ထွက်လာသည်။ Welcome to S'pore, See you again. အိုး.... ဆုံနေတာဘဲ။ ကိုယ့်အိမ်ကို လင်နှင့်မယားကြီး လျှောက်လာတာ ကျနေတာပဲ။

(၂) အမေ့အိမ်။ ကျွန်မ အဖေသည် ခေတ်ကောင်းသောကာလ ၁၉၈၄ မှစတင်ပြီး ကမ္ဘာ လှည့် သင်္ဘော လိုက်သည်။ မိခင်မှာ ဘုရားကို အင်မတန် ရှိသေပြီး သမ္မာကျမ်းစာကို နေ့ရာ ညရော အားတိုင်း ဖတ်ရှုသော မိခင်ဖြစ်သည်။ ကျွန်မ ငယ်ရွယ်စဉ်မှ စပြီး ဆု တောင်း ပေးလျှက်ရှိသည်။ ထို့အပြင် ကျွန်မ မိခင်သည် ဓမ္မ အမှုဆောင်များကို အလွန် ချစ်ခင်ပြီး ၎င်းတို့အပေါ် အလွန် ရက်ရောသော သူ ဖြစ်သည်။ အသင်းတော် မရွေးဘဲ အမှုတော် ဆောင်ဖြစ်လျှင် မည်သူ့ကိုမဆို ကျွေး မွေးချင်သူဖြစ်သည်။ ထို့ကြောင့် ကျွန်မတို့ အိမ်နဲ့ နီးသော ရန်ကုန် EBC ကျမ်းစာ ကျောင်း တက်ရောက်သော သူတိုင်းနှင့် ကျွန်မတို့ မိသားစုမှာ ပြောမနာ ဆိုမနာ၊ မောင်နှမ ကဲ့သို့ပင်။ ကျွန်မ အနေဖြင့်လည်း အသင်းတော် ဂိုဏ်းမရွေးဘဲ ဧဝံဂေလိ ထွက်ရန် ဖိတ်ခေါ် သော အသင်းတော်များနဲ့အတူ နယ်ဧဝံဂေလိခရီးစဉ်များ၌ တပတ်မှ ၃-လ အထိပင် အမြဲ ဧဝံဂေလိခရီး ထွက်ခဲ့ဖူးပါသည်။

(၃) အမျိုးသမီးများ တိုင်းတပါးတွင် ဆင်ခြင်စရာ။ မိဘ လက်အောက်တွင် အနှစ် ၂၀ ကျော် နေလာပြီး အခက်အခဲ မကြုံ ဖူးသော ကျွန်မ၊ S'pore ရောက်သောအခါ နေထိုင်၊ ကျောင်း၊ အလုပ်၊ မိတ်ဆွေ၊ ပြဿနာ မျိုးစုံကို တစ်ယောက်တည်း ရင်ဆိုင်ရပြီး အမှုတော်ဆောင် အသိုင်း အဝိုင်း ကြားတွင် ကြီးပြင်းလာသော ကျွန်မ တစ်ယောက် S'pore ရောက်လာသောအခါတွင် တွေ့သမျှ လူတိုင်းကို ဘုရားကို ချစ်ကြောက်ရိုသေသော ခရစ်ယာန်များဟု ထင်မြင် မိပြီး၊ ယောက်ျားမိန်းမ မရွေး ဖော်ရွေစွာ အတူတူတွဲ သွားလာခဲ့ခြင်းကြောင့် ပတ်ဝန်းကျင်၏ ကဲ့ရဲ့ရှုတ်ချခြင်းကို ခံခဲ့ရသည်။ ကျွန်မ ငိုယိုပြီး ဘုရားကိုဘဲ တိုင်ပင် မိသည်။ ဆွေမျိုးမှ မရှိဘဲကို။ ကျွန်မ မိခင်၏ သွန်သင် မှုကိုလည်း အမြဲကြားယောင် မိသည်။ ဘယ်သူ ဘာပြောပြော ဘာမှ ပြန်မပြောနဲ့။ သူတို့မှာ ရှေ့ရေးဆိုတာ ရှိသေး တယ်။ သူတို့ဟာ ဘုရားကို တကယ် မယုံဘူး၊ ဘုရားရှင် သူတို့ကို ဆုံးမ လိမ့်မယ်။ ဘယ်သူ့ကိုမှ အရင် ရန်မစနဲ့တဲ့။ ထို့ကြောင့် ကျွန်မ မခံနိုင်သည့်အဆုံး အားပါးတရ သာ ကွယ်ရာတွင် ငိုယိုခဲ့ရသည် ချည်းပင်။ ဘုရားရှင်ကို မိသားစုလို တိုင်ပင်သောအခါတွင် ဆွေမျိုးမရှိ အထီးကျန်ပြီး အားငယ်စိတ်များကို ဘုရားရှင် တဖြေးဖြေး ပယ်ဖျောက်စေခဲ့ပြီး ကျွန်မကိုလည်း မိဘ အိမ်မှာ နေရသလို S'pore တွင်နေထိုင်တတ်ရန် မျက်စိ ဖွင့်ပေးခဲ့ပါသည်။

(၄) အောင်မြင်ခြင်းပေးသော အရှင်။ ဘုရားသည် လူတိုင်းအား အတတ်ပညာ တစ်ခုစီ ပေးထားသည်။ ကျွန်မ လည်း ဘုရားရှင်ပေးထားသော ချုပ်လုပ်ခြင်း ပညာကို ဆက်ကပ် အပ်နံသောအခါ တွင် ၁၉၉၅ မှ စတင်ပြီး ဘုရားရှင် ကျွန်မအား တဆင့်ပြီး တဆင့် ကောင်းကြီး ပေးခဲ့ သည်။ ပထမ အင်္ကျီချုပ်သည်။ ၁၉၉၈ မှ စတင်ကာ Company အတွက် Costume Maker ။ 2000 မှစပြီး Costume Designer အထိ ဘုရားရှင် ကျွန်မကို ရာထူးနှင့် အရည်အသွေး မြှင့်တင်ပေးခဲ့ပါသည်။ ကျွန်မ Company မှာ ယခုလက်ရှိ 268 middle road တွင် ဖြစ်သည်။ ယနေ့ ကျွန်မ ပြုလုပ်ပေးတဲ့ Mascots နှင့် Costumes များဟာဆိုရင် S'pore နိုင်ငံမှာ ရှိသော နိုင်ငံခြား Embassy များနှင့် Company များ။ S'pore Red Gross, MOH, MOE, 7-eleven ရုံးချုပ်။ Mediacorp ဇာတ်လမ်း စီးရီးများအတွက် S'pore Football Team

များအတွက်။ ကျောင်း အမျိုးမျိုး၊ မူကြိုမှ Poly နဲ့ Private Company အမျိုးမျိုးအတွက် ဂုတ်စုံများ ဖြစ်ပါသည်။

(၅) သူဌေးအား တရားစွဲဆိုခြင်း။ ကျွန်မမှာ ဘုရား မျက်နှာကို ထောက်ရှုပြီး၊ အလုပ်ကြိုးစားပြီး အစစ အရာ ရာ သီးခံ ခွင့်လွှတ်ခံခြင်းကို သူဌေးလင်မယားမှ အခွင့်ကောင်းယူပြီး လခ $2600 မှ တဖြည်းဖြည်း လျော့နည်းလာပြီး 2003 တွင် $1000 အောက်သာ ပေးခဲ့ပါသည်။ နောက်ဆုံး ကျွန်မ ဘုရားဆီမှာ ဆုတောင်းပြီး ဘုရားရှင် ကျွန်မ ဒီဒုက္ခ ဘယ်လောက် ထိ ခံရမှာလဲ။ ဘုရားရှင် ကူညီဖို့ အချိန်တန်ပြီ။ ကျွန်မ Company ကို မီးလောင် တိုက်သွင်း ရမလား။ ရဲကို ခေါ်ရမလား ဆိုပြီး 2008 July မှာ ရဲများကို Company သို့ ခေါ်လိုက်ပါသည်။ သူတို့ အထင်နဲ့ ကျွန်မ အလုပ် တခြားစီ ဖြစ်ပြီး Company တစ်ခုလုံး မျက်လုံး ပြူးကုန်ကြသည်။ ရဲများ ရောက်လာသော အခါတွင် ရဲများက ကျွန်မ ကိုသာ ယုံပြီး ကျွန်မ သူဌေးအား မေးခွန်းပေါင်း မြောက် များစွာ မေးတော့သည်။ ကျွန်မ၏ Passport အား သူဌေးမှ ပြန်မပေးချင်၍ မသိ ဘူးဟု ငြင်းဆိုတာကြောင့် ကျွန်မမှာ ဘာမှ ဖြေရှင်းလို့ မရဘဲ။ ရဲစခန်းတွင် ၂ ပတ် နေခဲ့ရသည်။ ထောက်လှမ်းရေး အရာရှိများ။ ရဲ အရာရှိများက ယခုကဲ့သို့ S'pore နိုင်ငံသားကို မြန်မာ အလုပ်သမား အမျိုးသမီးတစ်ယောက် က တရားစွဲခြင်းနဲ့ ကျွန်မ၏ လုပ်ငန်းအပေါ် အံ့သြကြောင်း ပြောကြသည်။ ဘုရားရှင် ကျွန်မအား ခွန်အားပေးခြင်း ရဲရင့်ခြင်းပေးခြင်းကြောင့်ဘဲ ထင်ပါသည်။ ကျွန်မမှာ ရဲအရာရှိများအား မကြောက်ဘဲ Boss ကို တရား စွဲချင်ပြီး ဘယ်တော့ တရားရုံးသွားရမလဲဟု ပျော်ပျော်ရွှင်ရွှင် သာ မေးမြန်းခဲ့သည်။ ရဲများက ကျွန်မ အမြဲ ရယ်ရယ်မောမော နေသည်ကို ရူး နေသည်ဟု ထင်ပြီး စိတ်ပိုင်း ဆိုင်ရာ မေးခွန်းများဖြင့်လည်း စမ်းသပ်ခဲ့သည်။ ကျွန်မ အမှုမှာ ကြီးမားသော အမှု ဖြစ်သောကြောင့် ရဲအရာရှိ ၇ ဦး တိတိ နေ့ရောညပါ စစ်ဆေးခြင်းကို ခံခဲ့ရသည်။

(၆) ဘုရားရှင် အတူ ပါရှိမှု။ ရဲများ၏ စီစဉ်ပေးမှုဖြင့် ပတ်စ်ပို့ မရှိသော ကျွန်မအား ထောင်သို့ပို့ပြီး ရန်ကုန် ပြန်လွှတ်ရန် ဖြစ်သည်။ သို့သော် ကျွန်မ ထောင်သို့ ရောက်ရှိသော အခါတွင် ကျွန်မ၏ အမှုများမှာ ထောင်ကျနိုင်လောက်သောအမှု မဟုတ်ဟု ဆိုပြီး ၂ပတ် အကျော်တွင် ကျွန်မအား Special release ပေးလိုက်သည်။ အမှန် ကျွန်မ၏ ထောင် ဒဏ်မှာ ၄လနှင့် ဒဏ်ငွေ $2000 ဖြစ်သည်။ ထောင်မှ တဆင့် ကျွန်မကို Immigration ကိုပို့သည်။ Immigration အရာရှိအား Boss ကို တရား စွဲချင်ကြောင်း ခွင့်တောင်း သောအခါတွင် ထို Officer မှကျွန်မ၏ Case ကိုစစ်ပြီး Special Pass ပေးခဲ့ပြန်သည်။ နောက်တနေ့ ကျွန်မ ရဲစခန်းကို သွားပြီး ရဲ အရာရှိများအား Boss ကို တရား စွဲချင်ကြောင်းနှင့် တရား မစွဲရပါက Australia မှ ABC သတင်းထောက်များ၊ BBC သတင်းထောက်များ၊ The News Paper များက ကျွန်မ၏ Case အား စိတ်ဝင်စား နေကြောင်း ပြောပြခဲ့သည်။ တရားရုံး ရောက်သောနေ့တွင် S'pore သတင်းထောက် များအား ရဲများက သတင်းထုတ်ခွင့် မပေးသောကြောင့် လှည့်ပြန်သွားကြရသည်။

(၇) အရူးထဲမှာ တမူးသာ။ ဘုရားရှင် တကယ်ပင် ကောင်းမြတ်ပါသည်။ ကျွန်မ ရဲစခန်း အချုပ်ခန်း၊ S'pore အမျိုးသမီးထောင်နှင့် Immigration တွင် နေခဲ့ရသည်။ အားလုံး ရှေ့တွင် ဘုရားရှင် မျက်နှာသာ ပေးခြင်းခံခဲ့ရပြီး ထောင်သားများကို အုပ်ချုပ်ရသော IC ရာထူးကို ပေးသောကြောင့် ကျွန်မမှာ ထောင်တွင် ၂ပတ် နေရခြင်းသည် ၂ပတ် ပျော်ပွဲစား ထွက်ရသည်နှင့် တူနေပါသည်။ S'pore အမျိုးသမီး ထောင်သည် သန့်ရှင်းသည်။ အစားအသောက် ကောင်းသည်။ အိပ်လိုက် စားလိုက် ကစားလိုက် ပုံပြင်ပြောလိုက်ဖြင့် အရူးထဲမှာ တမူးသာ။ ။

(၈) ဘဏ္ဍာနှင့်ပါဂါ။ အရင်းစစ်တော့ ဒီလို ပြဿနာများ ကြုံတွေ့ရခြင်းသည် ငွေ တည်းဟူသော ဘဏ္ဍာရေးကြောင့် ဖြစ်ပါသည်။ မိသားစု ဘဏ္ဍာရေးကြောင့် ကျွန်မ စင်ကာပူ ရောက် လာရသည်။ သူဌေးရဲ့ ဘဏ္ဍာရေးကြောင့် ကျွန်မကို လစာ လျော့ကာ ပြဿနာ အရှာ ခံရသည်။ လူသားတိုင်း နေ့စဉ်ကြုံတွေ့ရမည့် စားဂုတ် နေရေး အတွက် လိုအပ်သော ဘဏ္ဍာရေးကို ရိုးရိုးကျင့် မြင့်မြင့်ကြံ ခြင်းဖြင့် ရယူ နိုင်ကြ ပါစေ ရန် သက်သေခံ ရေးသား လိုက်ရပေသည်။ ။ အမည်မဖော်လိုသူတစ်ဦး

------------------------------

## ချစ်သူ ရွေးကောက်ပွဲမှာ

**ချစ်သူရွေးကောက်ပွဲမှာ** F-Penny(Mizo) တမူး

တစ်ချိန်တုန်းက ဘဝလမ်းမှာ ဒို့ လျှောက်လှမ်းရင်း ချစ်ခြင်းမေတ္တာဆိုတဲ့ အရာဟာ သိပ်ကို ထူးဆန်းနက်ရှိုင်း လွန်းလှတဲ့အကြောင်း၊ အသိဉာဏ်ရှိလူတွေ မဆိုထားနှင့် တိရိစ္ဆာန် တွေမှာပင် ချစ်တတ်၊ ခင်တွယ်တတ်တဲ့ နှလုံးသား ရှိလေကြတဲ့အကြောင်း စဉ်းစား တွေးတောနေမိခဲ့တယ်။ တခါတလေ ချစ်ခြင်းမေတ္တာ ဆိုတဲ့ အရာကို မေ့ထား ချင်မိပါတယ်။ ဒါပေမယ့် မေ့ဖို့ ကြိုးစားလေ နှလုံးသားမှာ ချစ်ချင်လေ ဖြစ်နေ ကြုံတွေ့နေရတော့ တွေဝေစွာ ဇဝေဇဝါနှင့် လျှောက်လှမ်းရင်း ဆိုင်းဘုတ် တခုကို တွေ့မိခဲ့ပါတယ်။ ဘာတဲ့... အော် "ချစ်သူရွေးကောက်ပွဲ" ဆိုပါလား။ ချစ်ခြင်းမေတ္တာ ငတ်မွတ် နေတဲ့ ဒို့အတွက်တော့ ရေကန်အသင့် ကြာအသင့် ဆိုသလို အထဲ ဝင်ကြည့်ပြီး ဒို့အတွက် ချစ်ခြင်းချစ်မေတ္တာ ပေးအပ်နိုင်သူကို ရှာဖွေဦးမှဘဲ။ ဒီလိုနှင့် အထဲ ဝင်ကြည့် လိုက်တော့..။ အိုး.. ထင်မှတ်ထားတာထက် သိပ်ကို ခမ်းနား ထည်ဝါ လွန်းလှ ပါလားနော်။ အားလုံးသော အရာတွေဟာ လူတစ် ယောက်ရဲ့ စိတ် နှလုံးသားကို ညှို့ယူဖမ်းစား ထားနိုင်လောက်အောင် စွဲဆောင်နိုင်လေခြင်း။ အားကိုး ခင်တွယ် ချင်စရာ၊ ချစ်ချင်စရာ၊ ပိုင်ဆိုင်ချင်စရာတွေနှင့် ပြည့်စုံလွန်းလှတယ်။ ဟော... လူတယောက်က ဒို့ကို လက်ယပ်ပြီး ခေါ်နေပါလား။ အနီးကပ် သွားကြည့်လိုက်အုံးမှ။ သိပ်ကို မက်မောခင်တွယ် ချင်စရာ အဖိုးတန် အဆောင်အယောင်တွေနှင့် ခန့်ညားချောမော လွန်းလှသူပါလားကွယ်။ ထိုတခဏမှာ ဒို့စိတ်ကူးတွေ ယဉ်လိုက်မိတယ်။ ဒီလူကို ချစ်သူအဖြစ် ရွေးချယ်လိုက်မယ်ဆိုရင် ဒို့ရဲ့ ဘဝကတော့ ရွှေဘုံပေါ်မှာ ထိုင်စားပြီး လိုတရ နတ်သမီးလေးလို ဖြစ်မယ်လို့ စဉ်းစားသုံးသပ်နေမိတယ်။ ဒါပေမယ့် ရင်ခုန်သံ လှိုင်းဂယက်တွေကို သေချာ စမ်းစစ်မိတော့ ထိုသူ ပိုင်ဆိုင်တဲ့ အရာဝတ္ထုတွေက ဒို့ကို ပြူစား ထားတယ်။ ထိုသူကို ဒို့ရဲ့ နှလုံးသားက လက်မခံနိုင်ခဲ့ဘူး။ ဒို့ရဲ့ အသက်တာ ဘဝကို ခဏတာ ပျော်ရွှင်မှုတွေ ပေးနိုင်မည့် အရာတွေပဲ ဖြစ်နေတယ်။ ဒို့ချစ်သူ အဖြစ် လိုချင်တောင့်တမိခဲ့တာက ဒို့ကို ထာဝရဘုရား ချစ်ခြင်း မေတ္တာ ပေးအပ်နိုင်သူ၊ ထာဝရအသက်ရှင် ငြိမ်သက်ခြင်း ပေးနိုင်စွမ်း ရှိသူကိုပဲလေ။ ဒို့ ရှာဖွေ လိုအပ်နေတဲ့ ချစ်ခြင်းမေတ္တာတွေ ထိုသူထံမှာ မရနိုင်မှန်း သိရှိတော့ ထိုသူကို ကျောခိုင်းပြီး ထွက်လာခဲ့မိတယ်။ ဒီလိုနှင့် တစ်ယောက်ပြီး တစ်ယောက် လိုက်ကြည့်ပြီး စိတ်ကူး အတွေးတွေနှင့် လေ့လာသုံးသပ် နေမိတယ်။ ချစ်ခြင်းမေတ္တာ၊ နှလုံးသားရဲ့ ပိုင်ရှင်ကို အခုထိ မတွေ့နိုင်ခဲ့ဘူး။ အရာဝတ္ထု၊ အဆောင်အယောင်၊ ထယ်ဝါ ခမ်းနားမှု တွေကိုပဲ ဒို့ တွေ့ရှိခဲ့တယ်။ ချစ်သူ ရွေးကောက်ပွဲကို ရောက်ရှိ လာကြတဲ့ အခြားသော လူတွေမှာ သာယာငြိမ့်ညောင်းတဲ့ သံစဉ် တေးသွားအလိုက် ချစ်သူကိုယ်စီ လက်တွဲလို့ ပျော်မြူး နေကြလေရဲ့။ ဒို့ နှလုံးသားက ဝမ်းနည်း အားငယ်ခြင်း တွေနှင့် ဖြတ်လျှောက် လာရင်း အစွန်ဆုံး ထောင့်လေး တနေရာကို ရောက်ရှိသွားတော့ ဒို့ ခြေစုံ ရပ်လိုက်မိတယ်။ ဒို့ရဲ့ ရင်တွင်း တစ်နေရာက သိပ်ကို ဆာငတ်နေတဲ့ ချစ်ခြင်း မေတ္တာ မှုပိုင်ရှင်ကို တွေ့ရှိခဲ့တယ်။ ဒို့ရဲ့ နှလုံးသားက သူ့ကို တောင့်တ နေမိတယ်။ သူ့ကို လိုချင် နေမိတယ်။ ပိုင်ဆိုင် ချင်နေမိတယ်။ ထာဝရ လက်တွဲဖော်အဖြစ် သူ့ကိုဘဲ ရွေးချယ် တော့မယ်။ ဝမ်းသာစွာနှင့် ဧည့်ကြိုမလေးကို လက်ယပ် ခေါ်လိုက်ပြီး သူ့ကိုပဲ ဒို့ ချစ်သူ အဖြစ် ရွေးချယ်လိုက်တော့မယ်လို့ သတင်းပေးလိုက်တယ်။ ဒါနဲ့ ဧည့်ကြိုမလေးက သေချာ စဉ်းစားပါအုံးလား။ ဒီလူမှာ ဝတ်ရုံဖြူမှ အပ ဘာ အဆောင် အယောင် ဘာအဖိုးတန်ပစ္စည်းမှ မပါဘူး။ ဟိုဘက်မှာ သူ့ထက် အဆပေါင်းများစွာ ကြွယ်ဝ ပြည့်စုံတဲ့ စည်းစိမ်တွေနှင့် ရင်ခုန်စရာ သတို့သားချောချောလေးတွေ အများကြီး ရှိသေးတယ်။ စိတ်ကြိုက် ရွေးချယ်လို့ရတယ်လို့ ပြန်ပြောပါတယ်။ ဒို့ကလည်း မိန်းမငယ်လေးကို ဒို့ရဲ့ နှလုံးသားက လိုချင်နေတာ အဆောင် အယောင် ထယ်ဝါ ခမ်းနားမှုတွေ မဟုတ်ပါဘူး။ ဒို့ရဲ့ အသက်တာ ဘဝ ထာဝရ အသက်ရှင် ငြိမ်သက်ခြင်းနှင့် ပျော်ရွှင်မှုကို ပေးနိုင်စွမ်း ရှိသူ ကိုပါ။ ဒို့ လိုချင်တောင့်တတာ အားလုံး ဒီ ဝတ်ရုံဖြူနှင့် သူထံမှာ ရရှိနိုင်တယ်လို့ ပြောလိုက်တော့ မိန်းမငယ်လေးက ဒို့ကို သေချာ စိုက်ကြည့်ပြီး စိတ်မနှံ့သူ တစ်ယောက်လို့ မှတ်ချက် ချလိုက်သည့်အလား။ ခေါင်းလေး တခါခါနှင့် ဒို့ အနီးမှ ထွက်ခွာသွားခဲ့တယ်။ အဲ့ဒီနောက်တော့ ဒို့ရဲ့ ချစ်သူ အဖြစ် ရွေးချယ်လိုက်တဲ့ ဝတ်ရုံဖြူနှင့် လူက ဒို့ကို ညင်သာစွာ ပွေ့ဖက်လိုက်စဉ် ဘာနှင့် နှိုင်းယှဉ်လို့ မရတဲ့ အသက်တာငြိမ်သက်ခြင်း၊ ပျော်ရွှင်မှု ရသ ပေါင်းစုံတို့ ခံစားရင်း ချစ်သူရယ် ဒို့ကို ချစ်သူရဲ့ ထာဝရ အသက်ရှင်သော လက်တွဲဖော် သတို့သမီး ဖြစ်ခွင့် ပေးပါနော်။ လို့ တိုးတိုး ကပ်ပြောလိုက်တယ်။ ချစ်သူက ဒို့ကို သင့်ရဲ့ အသက်တာ ငြိမ်သက်ခြင်း ရှိလော့။ သင်၏ ယုံကြည်စွာ ရွေးချယ်မှုကြောင့် ထာဝရ အသက်ရှင် ခြင်း၊ သားတော်ရဲ့ သတို့သမီးကညာ ဖြစ်ခွင့်ရရှိသွားပြီးလို့ ညင်သာ၊ ငြိမ့်ညောင်းစွာ ပြောဆို လိုက်သတဲ့လေ။ ဒို့ ရင်ထဲမှာ ဝမ်းသာစွာနှင့် ချစ်သူကို ငေးကြည့်နေမိတယ်။ ချစ်သူရယ် သိပ်ကျေးဇူးတင်တာပဲ။ ဒို့ကို ပစ်မထားနဲ့နော်။ ချစ်သူနှင့် အတူတကွ နေ့စဉ် အသက်တာကို ဖြတ်သန်းရင်း နေ့ တနေ့တာကို ပျော်ရွှင် ငြိမ်သက်မှုတွေနှင့် ဒို့ ဖြတ်ကျော် နိုင်ခဲ့တယ်။ စိုးရိမ် ကြောင့်ကျမှုတွေ၊ ဝမ်းနည်း အားငယ်မှုတွေ မရှိပဲ ချစ်သူ ပေးအပ်တဲ့ အကြင်နာ ခွန်အား စွမ်းအားတွေနှင့် ချစ်သူကို လက်တွဲ လျှောက်ရင်း ထာဂရ မပြီးဆုံးနိုင်သော ချစ်ခရီးလမ်း ဆီသို့သာ ......။ ။

(မှတ်ချက်။ ။ဒို့ သိပ်ချစ်တဲ့ ချစ်သူ ဝတ်ရုံဖြူနှင့် သူ၏ အမည်မှာ တစ်ပါးတည်းသော ကယ်တင်ရှင် သခင်ယေရှုခရစ်တော် ဖြစ်နေ၏။ သတိုးသမီး ကညာ အပေါင်းတို့ရဲ့ နားခိုရာ အရှင်သခင် ဖြစ်ပါ၏။)

သခင့်ကျေးဇူးတော်မြတ်၌ - F.Penny(Mizo) တမူး



မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ စာမူများကို scan ဖတ်၍ဖြစ်စေ ၊ ဓါတ်ပုံရိုက်၍ ဖြစ်စေ email ; thelordword@gmail.com. နှင့်
Viber မှ တဆင့် photo sms ပို့လိုသူ များ ဖုန်း (+၆၅) ၈၁ ၂၂၂ ၃၂၀ သို့ ပေးပို့နိုင်ပါသည်။ သခင့်စကားစာစောင် အဟောင်းများနှင့် အသစ်များကို လစဉ် ဖတ်လိုပါက
Facebook account ; lord's word တွင် ဖတ်ရှုနိုင်ပါ သည်။ ဝိညာဉ်ရေးရာ ရသစုံ (ကဗျာ၊ကာတွန်း၊ဟာသ၊သက်သေခံချက်၊ဝေငှချက်) စာမူများ ဖတ်ရှုလိုပါက facebook account
lord's word (သခင့်စကား) နှင့် lord's heart (သခင့်နှလုံးသား)ထံ *friend request* လုပ်ပြီး ဖတ်ရှုနိုင်ပါသည် ။